ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်

ထုတ်ဝေချက် ၁၉ – မတ်လ ၂၀၁၃

(၂၀၁၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင်ဖြည့်စွက်ထုတ်ပြန်သည်။)

ဤရွှေ့ပြောင်းနေထိုင်မှုများဆိုင်ရာအပြည်ပြည်ဆိုင်ရာရုံး(IOM)မှ ထုတ်ပြန်သော ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်တွင် နောက်ဆုံးသတ်မှတ်ထုတ်ပြန်လိုက်သော ထိုင်းနိုင်ငံလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကြေငြာချက်များနှင့် စည်းကမ်းသတ်မှတ်ချက်များ အပါအဝင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ အပြီးသတ်ပြုလုပ်ရမည့် နိုင်/စစ်လုပ်ငန်းစဉ်အရ ရွှေ့ပြောင်းအလုပ်သမားများ၏ တရားဝင်နေထိုင်ခွင့် ပြုလုပ်ရေးဆိုင်ရာ အစိုးရအဖွဲ့၏ နောက်ဆုံးထုတ်ပြန်သော ဆုံးဖြတ်ချက်များ ပါဝင်သည်။

၁။ ကမ္ဘောဒီးယားနှင့် ထိုင်းအစိုးရအာဏာပိုင်များအကြား ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ အလယ်တွင် ပြုလုပ်ခဲ့သော ညှိနှိုင်းဆွေးနွေးပွဲများအရ တရားဝင်နေထိုင်ခွင့်ပြုလုပ်ခြင်းကို ထိုင်းနိုင်ငံအတွင်း လက်ရှိအလုပ်လုပ်ကိုင်လျှက်နေသော ကမ္ဘောဒီးယားနိုင်ငံသား တရားမဝင်ရွှေ့ပြောင်းအလုပ်သမားအားလုံးအတွက် တိုးမြှင့်သတ်မှတ်ပေးထားခဲ့ပါသည်။

၂။ မြန်မာနှင့် ထိုင်းအာဏာပိုင်များအကြား ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲများအရ တာ့ခ်နှင့်ချင်းရိုင်ခရိုင်ဒေသများအပါအဝင် ထိုင်းနိုင်ငံအတွင်းရှိ တစ်နေရာတည်း တွင် လုပ်ငန်းအစမှအဆုံးအထိ ဆောင်ရွက်နိုင်သောဌာနများ (OSSCs) ၁၁ခုတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် မြန်မာအရာရှိများအား နေရာချထားပေးသွားမည် ဖြစ်ကြောင်း မြန်မာအစိုးရမှ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကြေငြာချက်ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် တာ့ခ်နှင့်ချင်းရိုင်ခရိုင်ဒေသများရှိ OSSCs ဌာနများတွင် တရားဝင်နေထိုင်ခွင့် လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် နယ်စပ်ဖြတ်ကျော်သွားရောက်ရန်မလိုတော့ပဲ တာ့ခ်နှင့်ချင်းရိုင်ခရိုင်ဒေသများရှိ OSSCs ဌာနများတွင် ၎င်းတို့၏ ယာယီနိုင်ငံကူးလက်မှတ်များကို ထုတ်ယူနိုင်မည် ဖြစ်သည်။

၃။ ရွှေ့ပြောင်းအလုပ်သမားများ၏ အသက် ၁၅နှစ်အောက်ရှိ သားသမီးများအတွက် ဗီဇာကြေးကို ထိုင်းဘတ်ငွေ ၅၀၀ ဖြစ်ကြောင်း ထိုင်းနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

၄။ အလုပ်အကိုင်ခန့်ထားရေးဌာန၏ ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်နေထိုင်ခွင့်ပြုလုပ်ရေးနှင့်စပ်လျဉ်းသည့် ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့ထုတ်ပြန်ချက်အရ အလုပ်အကိုင်ခန့်ထားရေးဌာန၏ ဒေသဆိုင်ရာ (သို့) ဘန်ကောက်မြို့ရှိ အလုပ်အကိုင်ခန့်ထားရေးရုံးများသို့ အလုပ်ရှင်များမှ သက်ဆိုင်ရာအချက်အလက်များ ပေးပို့ရမည့်နောက်ဆုံးရက်ကို ၂၀၁၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့အထိ တိုးမြှင့်ပေးခဲ့သည်။

၅။ အလုပ်ရှင်များမှ အလုပ်အကိုင်ခန့်ထားရေးဌာနသို့ သက်ဆိုင်ရာအချက်အလက်များ (ဥပမာ–တောင်းခံချက်လျှောက်လွှာ၊ အမည်စာရင်း) ပေးပို့ပြီးသော ရွှေ့ပြောင်းသူများနှင့် ၄င်းတို့၏ သားသမီးများအား သက်သေခံလက်မှတ်များ (သို့) ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ယူခြင်း အပြီးသတ်ပြုလုပ်နိုင်စေရန် ၂၀၁၃ ခုနှစ် ဧပြီလ ၁၄ ရက်နေ့မှ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့အထိ ရက်ပေါင်း ၁၂၀ ထပ်မံနေထိုင်ခွင့်ပြုရန် အစိုးရအဖွဲ့မှ ဧပြီလ ၉ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

<u>စာရင်းဇယားများ</u>

ဇယား ၁ – ၂၀၁၂ခုနှစ် ဧပြီလ ၁၀ ရက်နေ့အထိ တရားဝင်နေထိုင်ခွင့်ပြုလုပ်ရေးလုပ်ငန်းစဉ်တွင် (အစိုးရ၏၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့စွဲပါ ဆုံးဖြတ်ချက်အရ) ပါဝင်ဆောင်ရွက်ပြီးသော ရွှေ့ပြောင်းသူများစာရင်း

နိုင်ငံသား	ရွှေ့ပြောင်းလုပ်သား	ရွှေ့ပြောင်းလုပ်သား၏ သားသမီးများ
ကမ္ဘောဒီးယား	၁၀၆,၇၀၀	၁,၄၈၅
လာအို (ပီဒီအာရ်)	၅၆,၀၆၁	၈၀၀
မြန်မာ/ဗမာ	၃၂၇,၅၀၈	၁,၀၆၈
စုစုပေါင်း	**၄၉၀,၂၆၉**	**၃,၃၅၃**

ဇယား ၂ – ၂၀၁၃ ခုနှစ်ဖေဖော်ဝါရီလ အထိ နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးပြီး ထိုင်းနိုင်ငံအတွင်း တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိရန်လျှောက်ထားဆဲဖြစ်သော ရွှေ့ပြောင်းလုပ်သားစာရင်း

နိုင်ငံသား	ရွှေ့ပြောင်းလုပ်သား
ကမ္ဘောဒီးယား	၈၄,၃၀၅
လာအို (ပီဒီအာရ်)	၃၀,၆၇၅
မြန်မာ/ဗမာ	၇၃၃,၄၆၃
စုစုပေါင်း	**၈၄၈,၄၄၃**

ဇယား ၃ – ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ အထိအမ်အိုယူ၏ လုပ်သားသစ်စုဆောင်းမှုအရ ရောက်ရှိလာပြီး ထိုင်းနိုင်ငံအတွင်း တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရန်လျှောက်ထားဆဲဖြစ်သော ရွှေ့ပြောင်းလုပ်သား စာရင်း

နိုင်ငံသား	ရွှေ့ပြောင်းလုပ်သား
ကမ္ဘောဒီးယား	၇၂,၇၀၁
လာအို (ပီဒီအာရ်)	၁၂,၈၃၁
မြန်မာ/ ဗမာ	၂၅,၇၆၃
စုစုပေါင်း	**၁၁၁,၂၉၅**

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရယူထားခြင်း ဖြစ်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကိုရွှေ့ပြောင်းလုပ်သား စီမံခန့်ခွဲရေး၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးမှ ထုတ်ဝေပါသည်။

စုံစမ်းလိုပါကဖုန်း : 02-3439300, fax(ဖက်စ်): 02-3439399, or

e-mail: migrantnews@iom.int သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို အင်တာနက်တွင် အောက်ပါလိပ်စာအတိုင်း ဖတ်ရှုနိုင်ပါသည်။

http://th.iom.int/index.php/component/remository/facilitating-migration/migration-information-notes/